ရဟန္တာတို့၏ ဒေါင်တံခွန်

၄၆ – ဘွဲ့ရ

ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ

အသျှင်အဘိဇာတာဘိဝံသ

စစ်ကိုင်း တိပိဋကဆရာတော်

သဒ္ဓမ္မဇောတက ဓမ္မစာစဉ် – ၁၄

သာသနာ – ၂၅၆၈ ကောဇာ – ၁၃၈၆ ခရစ် – ၂၀၂၄

ရဟန္တာတို့၏အောင်တံခွန်

၁၃၇၁-ခုနှစ်

ဒွိသေဝတိပိဋကဓရ တိပိဋကကောဝိဒ
အသျှင်ဝါယမိန္ဒာဘိဝံသ
(စစ်ကိုင်း တိပိဋကဆရာတော်)

မွေးနေ့ အထိမ်းအမှတ်
သဒ္ဓမ္မဇောတကဓမ္မစာစဉ် ၁၄

၁၃၇၇ ခု၊ သီတင်းကျွတ်လဆန်း(၈)
မုဒ္ဓဟူးနေ့

21.Wed.
October.2015



၄၆ ဘွဲ့ရ

ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ

အသျှင်အဘိဇာတာဘိဝံသ

၄၇ နှစ်ပြည့် ဝိဇာတမင်္ဂလာ

၁၃၇၇-ခုနှစ် သီတင်းကျွတ်လဆန်း(၉)ရက် (21.10.2015) ဗုဒ္ဓဟူးနေ့

နှစ်ပါးဤသို့ မကြုံမျိုး

ပူဇော်သက္ကာ၊ ငုံ့စပါ၍၊ ဤစာဆိုမှ
မိကိုလှမျှား၊ ကြည်ညီမွှားအံ့။
မျိုးထွားအရွယ်၊ သင့်ရိုးယယ်က၊
ဆန်းကြယ်အထူး၊ ဂုဏ်ကျေးဇူးကို
ထိန်မြူးမနေ၊ ဖော်ထုတ်ပေမှ၊
ညာ-ကြေလွှမ်းကြား၊ ကျော်ထင်ရှားအံ့။
နှစ်ပါးဤသို့မကြုံမျိုးပါတည်း။

အရှင်မဟာရဋ္ဌသာရ
(ဘူရိဒတ်ဇာတ်ပေါင်းပျို့)

သဒ္ဓမဇောတကဓမ္မစာစဉ် – ၁၄

၄၆ – ဘွဲ့ရ
ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ
အသျှင်အဘိဇာတာဘိဝံသ
(စစ်ကိုင်း တိပိဋကဆရာတော်)
၏
သက်တော် ၄၇ – နှစ်ပြည့်မွေးနေ့

ဝိဇာတပူဇာအဖြစ်

ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ၊
(သုဓမ္မာသီရိ) ဒေါ်အေးအေးမြင့်နှင့်မောင်နှမတစ်စု၊
ဒေါ်အေးအေးကြူကြူထီး နှင့် အိမ်သုံးပစ္စည်း ရောင်းဝယ်ရေး
လမ်း–၈၀ × ၃၂–လမ်းထောင့်၊ မန္တလေးမြို့မှ
အုပ်ရေ (၃၀၀၀) ရိုက်နှိပ်၍
ဓမ္မဒါနပြုပါသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

၄၆ ဘွဲ့ရ
ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ
အသျှင်အဘိဇာတာဘိဝံသ ၏

၄၇ နှစ်ပြည့်

မွေးနေ့လက်ဆောင်မွန်

* * *

ဂစ္ဆတံ ခလနံ ကွာပိ၊ ဘဝတျေဝ ပမဒတော။
ဟသန္တိ ဒုဇ္ဇနာ တတ္ထ၊ သမာဒဟန္တ သဇ္ဇနာ။

လမ်းသွားကြရာ၊ ရံတခါဝယ်၊ သညာယွင်းချွတ်၊ သတိလွတ်၍၊ ယိုင်ညွတ်ခြေ ဆွ၊ လဲတက်ချေ၏၊ မသွေကြုံရ၊ ထိုကာလဝယ်၊ မလှစိတ်ထား၊ သူယုတ်များကား၊ အားပါးတရ၊ ရယ်မောကြလျှက်၊ ဟာသပျက်ချော်၊ ပြောင်လှောင်အော်၏၊ သူတော်သူကောင်း၊ သူမြတ်ပေါင်းကား၊ ပျော့ပျောင်းလှစွာ၊ အကြင်နာဖြင့်၊ သေချာ မြတ်လေး၊ တွဲထူပေး၍၊ အလေးတမူ၊ ဖေးမကူသည်၊ သူတို့ စိတ်ထား ကျွာတကား။

နိဒါန်း

* * *

သာသနာတော်နှစ် ၂၅၅၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ စက်မှု(၂) ပြည်ကြီးတံခွန်မြို့နယ်၊ ဓမ္မမာနိတာရုံကျောင်းတိုက် အတွင်း၌ ဆင်ယင်ကျင်းပသည့် သန္တောဒယာ လင်္ကာရ အေးအေးကြူကြူ ဆွမ်းစားကျောင်း၊ ကျောင်းအမ၊ ရဟန်းအမ၊ ဘုရားအမ (သုဓမ္မသိင်္ဂီ) **ဒေါ်အေးအေးမြင့်**နှင့် မောင်နှမတစ်စုတို့၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း ကုသိုလ်တော် မင်္ဂလာအခမ်းအနား....။

ဒီအခမ်း အနားမှာ ဦးဇင်းက ဆရာတော်ဘုရား များ၏ အမိန့်အရ သံဃာတော်အရှင်မြတ်တို့၏

ကိုယ်စား ကုသိုလ်ရှင်တွေ ဝမ်းမြောက်ဝမ်းသာဖြစ်ရအောင် မှတ်သားစရာ တရားစကား ၄၅ မိနစ်ထက် မပိုစေပဲ ပြောကြားသွားမှာ ဖြစ်ပါတယ်။

ဝါဆိုသင်္ကန်းဆိုတာ

ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ (သုဓမ္မသီရီ) **ဒေါ်အေးအေးမြင့်**နှင့်မောင်နှမ တစ်စုတို့က ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းကြတယ်။ ဝါဆိုသင်္ကန်းဆိုတာ ဘယ်လို သင်္ကန်းမျိုးကို ခေါ်တာလဲ? ဒါကစပြီး သိဖို့ လိုအပ်တယ်။ ယခုခေတ်နားလည်နေကြတာကတော့ ဝါဆိုသင်္ကန်းဆိုတာ ဝါဆိုခါနီး အခါကာလမှာ ဝါဆိုဖို့ လှူဒါန်းတဲ့ သင်္ကန်းတွေကိုခေါ်တယ် ဆိုပြီး နားလည်နေကြတာ၊ တကယ့်တကယ်ကတော့ မြတ်စွာ

ဘုရားရှင်လက်ထက်တုန်းက ယခုခေတ် နားလည်သလို မဟုတ်ဘူး။ ဝါဆိုခါနီးမှာ လှူကြတာ မဟုတ်ဘူး၊ ဝါကျွတ်မှ လှူကြတာ၊ ဘာလိုပြောမယ်ဆိုရင် **"ဝဿာ ဝါသိကလာဘာ"....။**

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက ရဟန်းတော်အရှင်သူမြတ်တွေ ဝါဆိုခါနီးကာလမှာ ဆိုရင် "ဟောဒီဝါတွင်းမှာ တရားဓမ္မတွေ စွမ်းစွမ်းတမံ ကျင့်ကြံကြိုးကုတ်အားထုတ်မယ်ဆိုပြီး မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းယူပြီးတော့ မိမိတို့နှင့် သပ္ပါယဖြစ်တဲ့ တောကျောင်းတွေ.တောင်ကျောင်းတွေမှာ သွားရောက် သီတင်းသုံးတော်မူလေ့ ရှိကြတယ်။ အဲဒီလို သွားရောက်ကြပြီဆိုလျှင် တချို့ ကုသိုလ်လိုချင်တဲ့ ဒကာဒကာမများက သံဃာတော် အရှင်သူမြတ်တွေ သီတင်းသုံးဖို့ တောကျောင်းလေး

တွေ့ သစ်ရွက်မိုးကျောင်းလေးတွေ ဆောက်ထားကြတယ်။ ဝါဆိုခါနီးမှာ ကြွလာကြတဲ့ အရှင်မြတ်များက အဲဒီဒကာဒကာမတွေ ဆောက်လုပ်ထားတဲ့ ကျောင်းလေးတွေ ကျောင်းလေးတွေမှာ သီးတင်းသုံးပြီး ဝါတွင်းကာလပတ်လုံး တရားဓမ္မတွေ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြတယ်။ ဝါကျွတ်ပြီဆိုတာနဲ့ တပြိုင်နက် အဲဒီရဟန်းတော်တွေဟာ ယာယီကျောင်းကို အစွဲအလမ်းအတွယ်အတာ မရှိပဲ အဲဒီနေရာကနေ ခွါသွားလေ့ရှိကြတယ်။

ဒါဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလက်ထက်တုန်းက ရဟန်းတော်.သံဃာတော် အရှင်သူမြတ်တွေရဲ့ နေထိုင်ပုံပဲ။ ဝါဆိုခါနီးကာလမှာ မိမိတို့ ဝါဆိုဖို့ ကျောင်းလှည့်ပြီး ရှာကြတယ်။ ဝါတွင်းကာလမှာ တစ်နေရာတည်း ကပ်ပြီးတော့ တရားဓမ္မ

တွေ နှလုံးသွင်းကြတယ် မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို နှလုံးသွင်းကြတယ်။ ဝါကျွတ်ပြီ ဆိုရင်လည်း အဲဒီ မိမိနေထိုင်ရာကျောင်းလေးကို ငဲ့ကွက်မှုမရှိပဲ ပြန်ကြွသွားကြတယ်။ အဲဒီလို ပြန်ကြွသွားကြတော့ မူလကျောင်းဒကာ.ဒကာမတွေက မိမိတို့ဆောက်လုပ်ထားတဲ့ ကျောင်းလေးတွေမှာ သီတင်းသုံးတော်မူတဲ့ အရှင်မြတ်များ ပြန်ခါနီးမှာ သင်္ကန်းစသော လာဘ်လာဘများ လှူဒါန်းလေ့ရှိကြတယ်။ အဲဒီ လာဘ်လာဘများကို ''**ဝဿာဝါသိကလာဘ**''လို့ ခေါ်တယ်။ ဝါဆိုပြီး အရပ်တပါးသို့ ပြန်လည်ကြွတော်မူတဲ့ သံဃာတော်အရှင်မြတ်တွေအတွက် လှူဒါန်းတာ၊ အဲဒီလိုသင်္ကန်းမျိုးကို ''**ဝါဆိုသင်္ကန်း**'' လို့ခေါ်တယ်။ ဒါဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ လက်ထက်တုန်းက အနေ

အထားပဲ။

ဆိုလိုတာက မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး လက်ထက်တုန်းက ဝါဆိုသင်္ကန်းဆိုတာ ဝါဆိုဦးကာလမှာ လှူဒါန်းတာ မဟုတ်ဘူး၊ ဝါကျွတ်မှ လှူဒါန်းတာ၊ ဝါဆိုဖို့ဆိုပြီး လှူဒါန်းတာ မဟုတ်ဘူး။ မိမိဆောက်လုပ်ထားတဲ့ ကျောင်းလေးမှာ ဝါဆိုခဲ့လို့ လှူဒါန်းတာ။ "**ဝါဆိုသင်္ကန်း**"ဆိုတဲ့စကား အဓိပ္ပါယ်က ယခုခေတ်နားလည်ပြီးတော့ နေတာနဲ့ မြတ်စွာဘုရားရှင်လက်ထက်တုန်းက နားလည်ပြီး နေတာနဲ့ကတော့ အဓိပ္ပါယ်တခြားစီပဲ၊ သို့သော်လဲပဲ ဝါဆိုခါနီးမှာ ဝါဆိုဖို့ဆိုပြီး လှူဒါန်းသည်ဖြစ်စေ၊ ဝါကျွတ်လို့ဆိုပြီး လှူဒါန်းသည်ဖြစ်စေ၊ လှူဒါန်းတဲ့ ဒကာဒကာမများမှာ သင်္ကန်းလှူဒါန်းခြင်း အကျိုး အတူတူပဲ။

သောတာပန်နှင့် တူသောအိမ်

အဲဒီတော့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းတာနဲ့ ပတ်သက်ပြီးတော့ အများတကာ ဟောပြောလေ့ရှိတဲ့ တရားတစ်ပုဒ်ကို ပြောပြချင်တယ်၊ "သောတာပန်နှင့် တူသောအမျိုး"၊ တစ်နည်းအားဖြင့် "သောတာပန်နှင့် တူသောအိမ်"တဲ့၊ ထိုအိမ်တို့၏ နိဗဒ္ဓကုသိုလ် ခုနစ်မျိုးကို ဆရာတော်များက လင်္ကာဆောင်ပုဒ် လုပ်ထားတယ်။

"သရဏဂုံ၊ ဆုံးပါးစုံ၍၊ ငါးစုံသီလ၊ သလာကဆွမ်း၊ ပက္ခဆွမ်းနှင့်၊ သင်္ကန်းဝါဆို၊ မိုးမိုးရန် ကျောင်း၊ တောင်းမှု ရေကန်၊ ပြန်ရန် မုချ နိဗဒ္ဓကြောင့်၊ မကျ အပါယ်၊ မငြိတွယ်သည်၊ မှတ်တွယ် သောတာပန် အလားတည်း။" တဲ့၊

ဟောဒီကုသိုလ် ခုနစ်မျိုးရှိပြီးနေတယ်ဆိုရင် အဲဒီအိမ် အဲဒီပုဂ္ဂိုလ်တွေဟာ သောတာပန်နဲ့ အလားတူတဲ့ ပုဂ္ဂိုလ်တွေ၊ သောတာပန် နဲ့ အလားတူတဲ့ အိမ်တွေပဲတဲ့။

သောတာပန်ရဲ့ သဘာဝ

ဘာကို ဆိုလိုတာတုံး? ဆိုရင် သောတာပန် ပုဂ္ဂိုလ်တွေဟာ ကွယ်လွန်သည့်နောက်မှာ မကောင်းတဲ့ အပါယ်ဒုဂ္ဂတိဘဝဆိုတာ မရောက်ရဘူး၊ နတ်ပြည် သုဂတိပဲ ရောက်ရတယ်။ လူပြည်ရောက်ရတယ်။ နတ်ပြည်ရောက်ပြီဆိုရင် နတ်သိမ်.နတ်မွှား. နတ်သေး ဆိုတာ မဖြစ်ရဘူး၊ လူပြည်ရောက်ပြီးဆိုရင်လဲ အောက်တန်းကျတဲ့ လူအောက်တန်းစားမျိုး ဆိုတာ မဖြစ်ရဘူး။ နတ်ဖြစ်ပြီဆိုရင် အထက်တန်း

စားနေတဲ့ ဖြစ်ရတယ်။ လူဖြစ်ပြီဆိုရင် အထက်တန်းစားလူပဲ ဖြစ်ရတယ်။ အဲဒီ သောတာပန်ရဲ့ သဘောပဲ။

အဲဒါကြောင့် ယခုပြောမည့် ကုသိုလ်ခုနစ်မျိုးနဲ့ ပြည့်စုံပြီဆိုရင် 'အဲဒီကုသိုလ်ရှင်တွေဟာ သောတာပန်နဲ့အလားတူတဲ့ ပုဂ္ဂိုလ်တွေ၊ ကွယ်လွန်သည့်နောက်မှာ အပါယ်ဒုဂ္ဂတိ မရောက်နိုင်ဘူး' လို့ ဆိုလိုတာ။

အဲဒီကုသိုလ် ခုနစ်မျိုးဆိုတာ ဘာတွေတုံး? ဆိုရင်...

“ **သရဏဂုံ သုံးပါးတို့၌** ” ဘုရားကိုး ကွယ်တာ မြဲရမယ်၊ တရားကိုးကွယ်တာ မြဲရမယ်၊ သံဃာကိုးကွယ်တာ မြဲရမယ်၊ ဘယ်ကဲ့သို့သော အကြောင်းကြောင့်မှ ဘုရားမှတပါး၊ တရားမှ တပါး၊ သံဃာမှတပါးသော အရာကို ဆရာရယ်လို့

ကိုးကွယ်တယ်လို့ မရှိရဘူး။ ၁-သရဏဂုံသုံးပါးမြဲခြင်း ဒီလိုမှတ်ရမယ်။

နံပါတ်(၂)"**ငါးစုံသီလ**" ငါးပါးသီလမြဲခြင်း၊ မိမိတို့ လူဝတ်ကြောင်များအနေနဲ့ စောင့်ထိန်းရမဲ့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကို မြဲပြီးနေရမယ်။

နောက်နံပါတ် (၃) "**သလာကဆွမ်း**" တဲ့၊ စာရေးတံမဲကျပြီးတော့ လာတဲ့ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းကပ်လှူဒါန်းခြင်း၊ မိမိက ကျောင်းတော်ကို သွားပြီး သံဃာတော်အရှင်သူမြတ် တွေကို လျှောက်ထားတယ်၊ "တပည့်တော်တို့ အိမ် ဆွမ်းဆက်ကပ်လှူဒါန်းမလို့ပါ ဘုရား၊ သံဃာတော် ကနေ မဲချပြီး အမိန့်ချပြီး စေလွှတ်တော်မူပါဘုရား" ဆိုတော့ သံဃာတော်တွေက အလှည့်ကျစနစ်ဖြင့်

သော်လည်းကောင်း၊ ဒါမှမဟုတ် မဲချသောအားဖြင့်သော်လည်းကောင်း လွှတ်လိုက်တယ်။ ကြွလာတဲ့ကိုယ်တော်တွေကို ဆက်ကပ်လှူဒါန်းတယ်၊ ဒါမှမဟုတ် စုပေါင်းဆွမ်းကပ်ပွဲကြီးတွေမှာ မဲကျလို့ ကြွလာတဲ့ သံဃာ တွေကို ဆွမ်းကပ်တယ်၊ အဲဒါမျိုးကို "**သလာတာ ဒါန၊ သလာတာဘတ္တ**" လို့ ခေါ်တယ်၊ အဲဒီလို မဲကျ လို့ကြွလာတဲ့ ရဟန်းတော်တွေကို ဆွမ်းလှူဒါန်းခြင်း တဲ့။

နံပါတ်(၄) "ပက္ခဆွမ်းနှင့်" လဆန်းပိုင်းမှာပဲဖြစ် ဖြစ်၊ လဆုတ်ပိုင်းမှာပဲဖြစ်ဖြစ် သံဃာတော် အရှင်သူမြတ်တွေအား ဆွမ်းဆက်ကပ်ခြင်း တဲ့၊ မိမိတို့ရဲ့ အိမ်မှာ ပင့်ပြီး မိမိတို့နိုင်သလောက်ပေါ့၊ ငါးပါးတတ်နိုင်တယ်ဆိုရင် ငါးပါး၊ ဆယ်ပါးတတ်နိုင်တယ်ဆိုရင် ဆယ်ပါး၊ တချို့ဆိုရင်လဲပဲ ကုသိုလ်

ကောင်းမှုတွေ ပြုကြတယ်၊ တစ်လ တစ်ကြိမ် တစ်ကြိမ် ကျောင်းကိုသွားပြီး ဆွမ်းတို့ဘာတို့ ပို့ကြတယ်ဆိုတာမျိုး ရှိတယ်။ အဲဒီဆွမ်းမျိုးကို ပက္ခဆွမ်း။ ဒါ နံပါတ်(၄)ပေါ့။

နံပါတ်(၅) "**သင်္ကန်းဝါဆို**" ခုနကပြောခဲ့တဲ့အတိုင်း ဝါဆိုသင်္ကန်း၊ ဝါဆိုလာဘ်လာဘများ လှူဒါန်းခြင်းပေါ့။

နံပါတ်(၆) "**ဗိုဟိုရန် ကျောင်း**" သံဃာတော်အရှင်သူမြတ်တွေ သီတင်းသုံးဖို့ ကျောင်းတစ်ဆောင် ဆောက်လုပ်ပြီးတော့ လှူဒါန်းထားတယ်။ ကျောင်းတစ်ဆောင်ဆိုတဲ့ နေရာမှာ တန်းဖိုးသိန်းရာချီပြီး, ထောင်ချီပြီး တန်မှ မဟုတ်ပါဘူး။ လေးပင်တိုင်ကျောင်းလေးပင် ဖြစ်ချင်ဖြစ်ပါစေ၊ အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်

အရှင်သူမြတ်တွေအတွက် ဘယ်ရဟန်း ကြွလာကြွလာ " သီတင်းသုံးချင်တဲ့ ကိုယ်တော် သီတင်းသုံးရအောင် "ဆိုပြီး ရည်မှန်းဆောက်လုပ် လှူဒါန်းထားရင် အဲဒါ ကျောင်းအလှူပါပဲ၊ အဲဒီလို ကျောင်းအလှူ လှူဒါန်းထားခြင်း တဲ့။

နံပါတ်(၇)က "**ကောင်းမှုရေကန်**" အများသုံးဖို့ဆိုပြီး ရေတွင်းရေကန်တူးဖော်ထားခြင်း တဲ့။

စုစုပေါင်း ကုသိုလ် ဘယ်နှမျိုးတုံး? ခုနစ်မျိုးနော်၊ "နံပါတ် ၁-က သရဏဂုံသုံးပါးမြဲခြင်း၊ နံပါတ် ၂-က ငါးပါးသီလမြဲခြင်း။ နံပါတ် ၃-က တာရေးတော်ကျလာတဲ့ သံဃာတော်အရှင်သူမြတ်တွေအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။ နံပါတ် ၄-က လဆန်းပက္ခ,လဆုတ်ပက္ခမှာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။ နံပါတ် ၅-က ဝါဆိုသင်္ကန်း,ဝါဆိုဆွမ်း

ဆက်ကပ်လှူဒါန်းခြင်း။ နံပါတ် ၆-က ကျောင်းလှူဒါန်းခြင်းနှင့် နံပါတ် ၇-က ရေတွင်း ရေကန်တူးဖော်လှူဒါန်းခြင်း။ ဟောဒီ ကုသိုလ်ခုနစ်မျိုးရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ သောတာပန်နဲ့အလားတူပြီးတော့ ကွယ်လွန်သည်မှနောက် အပါယ်ဒုဂ္ဂတိမရောက်ဘူး” ဆိုပြီးတော့ အဋ္ဌကထာဆရာကြီးက ပြောထားတယ်။

ဒီလိုပြောထားတာကို အကြောင်းပြုပြီးတော့ ဆရာတော်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းတာနဲ့ ပတ်သက်ပြီး ကုသိုလ်ရှင်တွေ ဝမ်းသာရအောင် ဒီတရား ဟောလေ့ရှိကြတယ်။ ဟောတဲ့အခါတခါတရံတော့ ဟောတာတွေက နည်းနည်း လွန်နေသလား အောက်မေ့မိတယ်။ ဘာဖြစ်လို့တုံး? ဆိုရင်ဟောကြတာက “အော်…ဟောဒီလို ဝါဆိုသင်္ကန်း

ဆက်ကပ်လှူဒါန်းတယ်ဆိုရင် ကွယ်လွန်သည့်နောက်မှာ အပါယ်မရောက်တော့ဘူး၊ ဒီပုဂ္ဂိုလ်တွေဟာ သောတာပန်နဲ့ အလားတူတဲ့ ပုဂ္ဂိုလ်တွေပဲ" ဆိုပြီးတော့ ဒီလို ဟောကြတယ်။ ဦးဇင်းတို့ကတော့ ဘယ်လို ယူဆတာတုံး? ဆိုတော့ 'ဟောဒီ ကုသိုလ်ခုနစ်မျိုးထဲက တစ်မျိုးမျိုး နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လွတ်မယ်' ဆိုပြီးတော့ ဒီလို ဆိုလိုပုံ မရဘူး၊ အဋ္ဌကထာဆရာကြီး ဆိုလိုတာက ဟောဒီ ကုသိုလ်ခုနစ်မျိုးစလုံး အိမ် တစ်အိမ်မှာ ရှိမယ် ဆိုရင်တော့ အဲဒီအိမ်ဟာ "သောတာပန်နဲ့တူတဲ့ အိမ်၊ သောတာပန်နဲ့တူတဲ့ အမျိုး" ဆိုပြီး ဒီလို ဆိုလိုတယ်လို့ ယူဆပါတယ်။

"သရဏဂုံ့.သီလပါရန်လို့"

ဆိုလိုတာက ဘာတုံး? ဆိုရင်... ဒီမှာပြောထား

တာက 'ခုနစ်မျိုးစလုံးနဲ့ ပြည့်စုံတယ်' ဆိုရင် လို့ ပြောလိုပုံ ရပါတယ်။ ဥပမာ–ဆိုကြပါစို့၊ အိမ်တစ်အိမ်က ဝါဆိုသင်္ကန်းကတော့ အမြဲ ဆက်ကပ်လှူဒါန်းပါတယ်။ ဒါပေမဲ့ 'သူဟာ သရဏဂုံ မမြဲဘူး၊ ငါးပါးသီလ မမြဲဘူး၊ လှူတာ တန်းတာတောင် ခိုးဆိုးတိုက်ခိုက်ပြီးတော့ လှူဒါန်းတယ်' ဆိုရင် အပါယ်လွတ်နိုင်ပါ့မလား? စိတ်မချရပါဘူးနော်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရင် ဒီဆက်ကပ် လှူဒါန်းတဲ့ ကုသိုလ်က နတ်ပြည်ကို ရောက်အောင် တွန်းပို့နိုင်တဲ့ စွမ်းရည်သတ္တိကတော့ ရှိပါတယ်။ သို့သော်လဲပဲ ခုနကလို သရဏဂုံ မမြဲဘူး၊ ငါးပါးသီလမှ မမြဲဘူးဆိုရင် ဒီကုသိုလ်ကို အခြား အကုသိုလ်တရားတွေက နတ်ပြည် မရောက်အောင် တားမယ်ဆိုရင် တားထားနိုင်တဲ့ အနေအထားမျိုး

ရှိတယ်ပေါ့။

အဲဒီတော့ ဒီခုနစ်မျိုးထဲမှာ ဘယ်ဟာက အဓိကကျတုံး? ဆိုရင် သရဏဂုံသုံးပါး မြဲခြင်းနှင့် ငါးပါးသီလ မြဲခြင်း၊ ဒါက အဓိကပဲ၊ အဓိကတစ်အဓိကဟာ သရဏဂုံသုံးပါးလဲပဲ မြဲတယ်၊ ဘယ်တော့မှ မပျက်ဘူး၊ ဘုရား.တရား.သံဃာမှတပါး အခြားဘာဘာ ညာညာ ကိုးကွယ်တာတွေကို ယောင်လို့တောင် စိတ်ကူးထဲမှာ မထည့်ဘူးပေါ့နော်။ ငါးပါးသီလဲပဲ မြဲတယ်၊ ပြီးတော့ ယခုနက ပြောတဲ့ အခြားကုသိုလ် ငါးမျိုးလဲပဲ လှူဒါန်းတယ်.ဆက်ကပ်တယ်.ပြုစုတယ် ဆိုရင် အဲဒီပုဂ္ဂိုလ်တို့ရဲ့ ကုသိုလ်တွေဟာ သရဏဂုံ သုံးပါးရယ်.ငါးပါးသီလရယ်၊ အထွင့်တစ်လှူဒါန်း လိုက်တာ ဖြစ်တဲ့အတွက် ကွယ်လွန်သည်ရဲ့ နောက်မှာ အပါယ်ဒုဂ္ဂတိ မကျရောက်ပဲ နတ်ပြည်

သုဂတိရောက်ဖို့ အများကြီး သေချာသွားတယ်လို့ ဒီလို ဆိုလိုတာ ဖြစ်ပါလိမ့်မယ်။

သို့သော်လဲပဲ ပြောပြီးတော့ နေကြတာကတော့ “ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းတယ်ဆိုတာ အပါယ်လွှတ်ရာလွှတ်ကြောင်း ကုသိုလ်ကောင်းမှုပဲ၊ ဒီလိုသာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီးတော့ နေမယ်ဆိုရင် အပါယ်လွှတ်တယ်၊ သောတာပန်နဲ့တူတဲ့ ပုဂ္ဂိုလ်တွေပဲ” ဆိုပြီး ပြောနေကြတယ်။ အဲဒီတော့ ဦးဇင်းတို့ ဒကာဒကာမများ မှတ်သားဖို့က ‘ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရုံနှင့် သရဏဂုံမပါပဲနှင့် ငါးပါးသီလမပါပဲနှင့်ကတော့ အပါယ်ဒုဂ္ဂတိကနေလွှတ်ဖို့ဆိုတာ သိပ်ပြီးတော့ စိတ်မချရသေးပါဘူး။ အားကိုးရလောက်တဲ့ အနေအထား မရှိသေးပါဘူး’ ဆိုပြီး ပြောချင်ပါတယ်။

ဦးဖင်းပြောနေတဲ့စကားကိုတော့ နားလည်ဖို့ လိုအပ်ပါတယ်၊ အခုပြောတာက ''ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းတဲ့ ကုသိုလ်က နတ်ပြည်မ ရောက်စေနိုင်ဘူး''လို့ ဆိုလိုတာ မဟုတ်ဘူး၊ နတ်ပြည်ရောက်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါတယ်၊ သို့သော်လဲ သရဏဂုံမှ မပါဘူး၊ ငါးပါးသီလ မပါဘူး ဆိုရင် အဲဒီနတ်ပြည် ရောက်နိုင်တဲ့ ကုသိုလ်ကို အခြားအကုသိုလ်က တားပြီး နတ်ပြည်မရောက် အောင် လုပ်နိုင်တယ်ဆိုပြီး ဦးဖင်းက ဆိုလိုတာပါ။

ဒါကြောင့် မိမိတို့တတွေ သောတာပန်နဲ့ အလားတူချင်တယ်ဆိုရင် ယခုကုသိုလ်ခုနစ်မျိုး ပြည့်ပြည့်ဝဝ လုပ်သင့်တယ်၊ **ဒေါ်အေးအေးမြင့်**တို့ ဘုရားအမ၊ ရဟန်းအမ၊ ကျောင်းအမဆိုပြီး ပြောနေတယ်၊ ဒီကုသိုလ်ခုနစ်မျိုးထဲက ဘယ်နှမျိုး

ပြည့်စုံပြီလဲ? ဆိုတာ စဉ်းစားပေါ့နော်..။ ခုနစ်မျိုးလုံး မပြည့်စုံသေးဘူးဆိုရင် ပြည့်စုံအောင် လုပ်ရမယ်။ ဟုတ်လား...? သရဏဂုံမမြဲသေးဘူး ဆိုရင် မြဲအောင်ကို ကြိုးစားရမယ်။ ငါးပါးသီလ မမြဲသေးဘူး ဆိုရင် မြဲအောင်ကို ကြိုးစားရမယ်၊ ခုနကပြောတဲ့ ဒီပြင်ဒါနကုသိုလ် ငါးမျိုးကိုလည်း အမြဲတမ်းလုပ်ရမယ်၊ ဒါဆိုရင် ဂတိကောင်းဘို့ သေချာနေပြီနော်။

“ဟောဒီ ကုသိုလ်ခုနစ်မျိုးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဟာ ကွယ်လွန်သည်ရဲ့ နောက်မှာ နတ်ပြည် သုဂတိရောက်ဖို့ရာ သေချာတယ်၊ သောတာပန်နဲ့ အလားတူတယ်” လို့ အဋ္ဌကထာဆရာကြီးက ဘာကြောင့်ပြောရတာတုံး? ဆိုရင် ဒါကလည်း သိဖို့ ကောင်းတယ်။

ဝတ်ပြုသူ ကိုးယောက်

ဦးဇင်းတို့ မြတ်စွာဘုရား လက်ထက်တုန်းက အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး သာဝတ္ထိ မြို့ထဲ ဆွမ်းခံကြွသွားတယ်၊ ဆွမ်းခံဖို့ ထွက်လာရာ ကနေ လမ်းမှာ ရောက်တဲ့အခါကျမှ "ငါမြို့ထဲ ဆွမ်း ခံကြွဖို့ အချိန်စောပါသေးတယ်၊ တိတ္ထိတွေရဲ့ကျောင်း ငါခဏ သွားလိုက်ဦးမယ်" ဆိုပြီး တိတ္ထိတွေကျောင်း ဝင်သွားတာပေါ့၊ မြို့ထဲဆွမ်းခံသွားဖို့ စောသေးလို့ တိတ္ထိတွေရဲ့ကျောင်း သွားပြီး ပတ်လိုက်ဦးမယ်ဆိုပြီး တိတ္ထိတွေကျောင်း ဝင်သွားတယ်။ အဲဒီချိန်မှာ တိတ္ထိတွေက (သူတို့အဆို) တရားစကား ဆွေးနွေးပြီး နေကြတယ်။ သူတို့က ဘာပြောနေတုံး? ဆိုရင် သေသေချာချာနားထောင် " **လောကမှာ အဖွဲ့ အလမ်း ဥပါဒါန် မကောင်းသေးပဲနဲ့ ကွယ်လွန်တဲ့**

ပုဂ္ဂိုလ်မှန်သမျှ ကွယ်လွန်သည်၏နောက်မှာ ငရဲက မလွတ်နိုင်ဘူး။ တိရစ္ဆာန်က မလွတ်နိုင်ဘူး။ ပြိတ္တာက မလွတ်နိုင်ဘူး” ဆိုပြီး ပြောနေကြတယ်။ အဲဒီလိုပြောပြီးနေကြတော့ ရှင်သာရိပုတ္တရာက သူတို့ပြောနေတဲ့စကားနဲ့ပက်သက်ပြီး ‘ကိုယ်တော်တို့ ပြောတာ မဟုတ်ပါဘူး’ဆိုပြီး ဝင်ပြီးတော့လဲ မကန့်ကွက်ပါဘူး။ ‘အဲ..ကိုယ်တော်တို့ ပြောတာဟုတ်ပါတယ်’ဆိုပြီးတော့လဲ မထောက်ခံပါဘူး။ ကန့်ကွက်မှု၊ ထောက်ခံမှု မပြုပဲ “ငါ ဒီစကားကို မြတ်စွာဘုရားကို မေးမယ်၊ မြတ်စွာဘုရား မိန့်တော်မူတိုင်း မှတ်သားတော့မယ်” ဆိုပြီးတော့ ထပြန်လာခဲ့တယ်။

ဆွမ်းခံကြွ၊ ဆွမ်းခံရာက ပြန်ပြီးလာတော့ မြတ်စွာဘုရားထံ သွားလျှောက်တယ် တဲ့၊ “ မြတ်စွာ

ဘုရား! ဘုရားတပည့်တော် မနက်က ဆွမ်းခံသွားတာ အချိန်စောသေးလို့ တိတ္ထိတွေကျောင်းသွားတယ်၊ တိတ္ထိတွေက ဒီစကားဒီစကားကို ပြောပြီးတော့ နေကြပါတယ် ဘုရား'' ဆိုတော့.. မြတ်စွာဘုရားက '' သာရိပုတ္တရာ! သာသနာပ အယူရှိနေတဲ့ အဲဒီ တိတ္ထိတွေက 'ဒီပုဂ္ဂိုလ်က ဥပါဒါန်လို့ခေါ်တဲ့ အစွဲအလမ်း အကြွင်းအကျန်ရှိသေးတဲ့ ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်ကဖြင့် အစွဲအလမ်း မရှိတော့တဲ့ ပုဂ္ဂိုလ်' ဆိုပြီး သိဖို့ဆိုတာ သူတို့ရဲ့ အရာလား? အဲဒါကို သိဖို့ဆိုတာ သူတို့နဲ့ လားလားမှ မဆိုင်ဘူး ဘုရားသခင်တွေရဲ့ အရာသာ ဖြစ်တယ်' လို့ မိန့်တော်မူပြီးတော့ ''သာရိပုတ္တရာ! လောကမှာ အစွဲအလမ်း ဥပါဒါန်တရား ရှိသေးပေမယ့် ကွယ်လွန်ပြီဆိုရင် အပါယ်က လွတ်နိုင်တဲ့ပုဂ္ဂိုလ်

ကိုးယောက်ရှိတယ်"တဲ့၊ ဘယ်နှယောက်တဲ့တုံး? (ကိုးယောက်)

အစွဲအလမ်းကတော့ လုံးဝမပြတ်သေးဘူး၊ သို့သော်လဲပဲ အဲဒီအစွဲအလမ်းတွေ တန်းလန်းကြီးနဲ့ပဲ အပါယ်ဒုဂ္ဂတိကနေ လွတ်မြောက်နိုင်တဲ့ပုဂ္ဂိုလ်ကိုးယောက်ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ကိုးယောက်ကတော့ အနာဂါမ်ပုဂ္ဂိုလ် ငါးမျိုး၊ သကဒါဂါမ် တစ်မျိုး၊ သောတာပန်က သုံးမျိုး၊ စုစုပေါင်း ကိုးယောက်နော်။

အနာဂါမ်ပုဂ္ဂိုလ် ငါးမျိုးက ဘာတွေတုံး? ဆိုရင် နာမည်လေးလောက်တင် ပြောပြပါရစေ။ ဒါတွေရဲ့ အဓိပ္ပါယ်အကျယ်တွေကို ပြောပြီးနေမယ်ဆိုရင်တော့ ဒီအချိန်နဲ့ မလောက်နိုင်ဘူးနော်၊ အနာဂါမ်ပုဂ္ဂိုလ်ငါးမျိုးဆိုတာက...

နံပါတ်(၁) အန္တရာပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ်၊

(၂) ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမိပုဂ္ဂိုလ်၊

(၃) အသင်္ခါရပရိနိဗ္ဗာယီအနာဂါမိပုဂ္ဂိုလ်၊

(၄) သသင်္ခါရပရိနိဗ္ဗာယီအနာဂါမိပုဂ္ဂိုလ်၊

(၅) ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမိပုဂ္ဂိုလ် တဲ့

ဒီမှာ ဒကာဒကာမများ မှတ်သားရမှာက “အနာဂါမိပုဂ္ဂိုလ် အမျိုးအစား ငါးမျိုးရှိတယ်” ဆိုပြီး မှတ်သားရမယ်၊ အဲဒီအနာဂါမိပုဂ္ဂိုလ် ငါးမျိုးရယ်၊ နောက် သကဒါဂါမိပုဂ္ဂိုလ်ဆိုတာက အမျိုးအစား အထူးအပြား မရှိဘူး။ တစ်မျိုးပဲ ရှိတယ်။

နောက်သောတာပန်ပုဂ္ဂိုလ် သုံးမျိုးရှိတယ်၊

နံပါတ်(၁) သတ္တက္ခတ္တုပရမသောတာပန် = အလွန်ဆုံး ခုနစ်ဘဝပဲ နေပြီးတော့ နိဗ္ဗာန် မျက်မှောက်ပြုရတော့မဲ့ပုဂ္ဂိုလ်။

(၂) ကောလံကောလသောတာပန် = အလွန်ဆုံး

နှစ်ဘဝ သုံးဘဝပဲ နေပြီးတော့ နိဗ္ဗာန်မျက်မှောက်ပြု ရတော့မဲ့ပုဂ္ဂိုလ်။

(၃) ဧကဗီဇီ သောတာပန်= တစ်ဘဝတည်းပဲ နေပြီးတော့ နိဗ္ဗာန်မျက်မှောက်ပြုရတော့မဲ့ပုဂ္ဂိုလ် ဆိုပြီးတော့ သောတာပန်ပုဂ္ဂိုလ်က သုံးမျိုး။

အနာဂါမ်ပုဂ္ဂိုလ်က ငါးမျိုး၊ သကဒါဂါမ်က တစ်မျိုး၊ သောတာပန်ပုဂ္ဂိုလ်က သုံးမျိုး စုစုပေါင်း ကိုးမျိုး။ အဲဒီကိုးယောက်သော ပုဂ္ဂိုလ်တွေဟာ ဥပါဒါန် အစွဲအလမ်းတွေတော့ ရှိသေးတယ် တဲ့။

အနာဂါမ်ပုဂ္ဂိုလ်ဆိုတာက ကိလေသာ အာသဝမကင်းသေးတဲ့အတွက် သူတို့ရဲ့ သန္တာန်မှာ အစွဲအလမ်း ဥပါဒါန်ရှိသေးတာပဲ။ ထို့အတူပဲ သကဒါဂါမ်ပုဂ္ဂိုလ်တွေလဲ သကဒါဂါမ်လို့ဆိုပေမဲ့ ကိလေသာမကင်းသေးဘူး၊ သောတာပန်ပုဂ္ဂိုလ်

တွေလဲ သောတာပန်ဆိုပေမဲ့ သူတို့မှာ ဥပါဒါန် ဆိုတာ ရှိသေးတာပဲ၊ အဲဒီပုဂ္ဂိုလ်ကိုးယောက်ဟာ အစွဲအလမ်း ဥပါဒါန်ရှိပြီးတော့ နေသေးပေမဲ့ ကွယ်လွန်သည်ရဲ့ နောက်မှာ အပါယ်ဘုံကနေပြီး လုံးဝ လွတ်နိုင်ပါတယ်’ ဆိုပြီး မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။

အဲဒီလို ဟောကြားတာကို အကြောင်းပြုပြီးတော့ အဋ္ဌကထာဆရာကြီးက ဒါနဲ့ဆက်စပ်ပြီး ဆက်ပြောတာတော့ “အဲဒီလို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဆင့်တွေ မရောက်သေးပေမဲ့ ခုနကပြောခဲ့တဲ့ ကုသိုလ်ခုနစ်မျိုးသာရှိပြီးတော့ နေမယ် ဆိုရင် အဲဒီအိမ်တွေလည်း ဟော... ‘သောတာပန်နဲ့ အလားတူတဲ့ ပုဂ္ဂိုလ်တွေပါပဲ’ ဆိုပြီး ပြောတာ၊ အဲဒီအဋ္ဌကထာဆရာကြီးရဲ့ အဆိုအမိန့်ကို

ယူပြီး “အပါယ်မကြောက် ခုနစ်ယောက်”လို့ ဒီလို ဆိုကြတယ်၊ ဦးဇင်းတို့ ဒကာဒကာမများအနေနဲ့မှတ်သားဖို့ အဲဒီကုသိုလ်ခုနစ်မျိုးနဲ့ ပြည့်စုံမယ်ဆိုရင် တော်တော်စိတ်ချရပြီ။ ခုနစ်မျိုးလုံးနဲ့ မပြည့်စုံဘူး တစ်မျိုးမျိုးနဲ့သာပြည့်စုံမယ်ဆိုရင်၊ အဓိကအားဖြင့် သရဏဂုံ မမြဲဘူး၊ ငါးပါးသီလ မမြဲဘူး ဆိုရင်ကတော့ ဘာကုသိုလ်တွေ လုပ်ပြီးတော့ နေနေ၊ အပါယ်ဒုဂ္ဂတိဆိုတာကတော့ သိပ်ပြီးတော့ စိတ်မချရဘူး” လို့ ဒီလိုသိကြဖို့ လိုတယ်။

ကဲ...ရှိပါစေတော့၊ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို အစွဲအလမ်းတရားတွေ ရှိနေပါသေးရက်သားနဲ့ ကွယ်လွန်သည်ရဲ့ နောက် အပါယ်မရောက်နိုင်တဲ့ ပုဂ္ဂိုလ်ကိုးယောက် ဆိုတာ ဟောကြားလိုက်ပါတယ်။

ဘုရားမဟောချင်တဲ့ တရား

ဟောကြားပြီးနောက် မြတ်စွာဘုရား ဘာဆက်ပြောတုံး? ဆိုတာ စိတ်ဝင်စားစရာပဲ "သာရိပုတ္တရာ! ငါဘုရားဟာဆိုရင် ဟောဒီတရားမျိုး ရဟန်းပရိသတ်မှာရော၊ ရဟန်းမပရိသတ်မှာရော၊ ဥပါသကာပရိသတ်မှာရော၊ ဥပါသိကာမပရိသတ်မှာရော၊ ဘယ်မှာမှ မဟောခဲ့ဘူးဘူး"...။ ဘာဖြစ်လို့တုံး? ဆိုရင် ဟောဒီတရားမျိုးနာရပြီး "အော်... ငါတို့အပါယ်လွတ်ပြီပဲ" ဆိုပြီး ပေါ့ပေါ့ဆဆ ဖြစ်သွားမှာစိုးလို့၊ အနာဂါမ်ပုဂ္ဂိုလ်တွေကလဲ "ဟာ ငါတို့အနာဂါမ်ဖြစ်သွားပြီ၊ အပါယ်ဒုဂ္ဂတိက လွတ်သွားပြီ၊ ဆက်ကြိုးစားနေစရာ မလိုတော့ဘူး" အေးအေးပဲဒီလိုနေသွားမှာစိုးလို့၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်

ပုဂ္ဂိုလ်တွေကလဲ "ဟာ..တို့ အပါယ်ဒုဂ္ဂတိက လွတ်ပြီးတော့ နေပြီ. ဒီလောက်ဆိုရှိရင် နေသာထိုင်သာ ရှိပြီ၊ ဆက်ပြီးတော့ ကြိုးစားပြီးနေစရာ မလိုတော့ဘူး" ဆိုပြီးတော့ ပေါ့ပေါ့ဆဆဖြစ်သွားမှာ စိုးလို့ပါ တဲ့၊ ဘုရားက ဟောဒီတရားမျိုး ဘယ်တုန်းကမှ မဟောခဲ့ဘူးဘူး တဲ့။ အဲဒီတော့ ဒကာဒကာမများ မှတ်သားရမှာပေါ့၊ ဘုရား မဟောချင်တဲ့တရား ဒီတရားပဲနော်၊ "သာရိပုတ္တရာ တဲ့၊ ယခုတော့ ဒီတရားမျိုးကို ငါဘုရားက မင်းအမေးရှိလို့ အဖြေအနေနဲ့ ဟောကြား တာ"တဲ့၊ အဲဒီလို မိန့်ကြားတော်မူပြီးတော့ ဆက်ဟောတယ်။

ဘဝဆိုတာ ရွံစရာ

'ရဟန်းတို့! လောကမှာ မစင်ဆိုတာ နည်း

နည်းလေးပဲဖြစ်ဖြစ် နံတာပဲတဲ့နော်။ မစင်ဆိုတာ ဓီခြစ်ဆံခေါင်းလောက်ပဲ ရှိရှိ၊ လက်သဲဖျားလေးလောက်ပဲ ရှိရှိ၊ မန်ကျည်းစေ့လောက်ပဲ ရှိရှိ နံတာပဲ။ ရွံစရာပဲ တဲ့၊ ကျင်ကြီးတို့၊ ကျင်ငယ်တို့၊ သေးတို့၊ ပြည်တို့ အဲဒါတွေလဲ နံနံလေးပဲဖြစ်ဖြစ် ရွံစရာပဲ တဲ့။ ဒါတွေကိုများ သန့်ရှင်းတယ်၊ စင်ကြယ်တယ် ဆိုပြီး ဘယ်သူကမှ တရှိုက်မက်မက်နဲ့ နမ်းနေတာ ရှူနေတာ မရှိဘူး၊ သိမ်းထားတာ ဆည်းထားတာ မရှိဘူး၊ အဲဒီအတိုင်းပဲတဲ့ "ရဟန်းတို့..ငါဘုရားဟာ ဘဝဆိုတာကို လက်ဖျောက်တလေး တစ်ချက်တီးလောက်ပင် ဖြစ်ပါစေ၊ မချီးမွမ်းဘူး"တဲ့။ အော်..ငါတို့ နိဗ္ဗာန်ရတော့မှာ၊ နောက်ဘဝပြီး နိဗ္ဗာန်ရတော့မှာ ဆိုပြီး ပျော်ပြီးတော့ မနေကြနဲ့၊ ဘဝဆိုတာ တစ်ဘဝလေး နေရနေရ တစ်ခဏလေး နေရနေရ သိပ်ပြီး

တော့ ရွံ့စရာ ကောင်းတာပဲ။ ဘဝက မြန်မြန်လွတ်လေ ကောင်းလေပဲ။ ဟော..'မစင်ကျင်ကြီးဟာ နိန်နဲ့လေးပဲ ဖြစ်ပါစေ၊ ရွံ့စရာကောင်းသလိုပဲ' ဆိုပြီးတော့ မြတ်စွာဘုရားက သူ့ရဲ့တရားကို အပိတ်လေးနဲ့ လုပ်လိုက်တယ်။

ခုနက တရားကိုနာပြီးတော့ ဦးဇင်းတို့ ဒကာဒကာမများ အပါယ်မကြောက် ခုနစ်ယောက် ဆိုတာ ခုနက ခုနစ်မျိုးပဲလို့ သိကြပြီ၊ အဲဒီတော့ မိမိတို့ ဒီနေ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာဒကာမများ အနေနဲ့ ''အော်...တို့ဟာ သောတာပန်နဲ့အလားတူ ကုသိုလ်ခုနစ်မျိုးထဲက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း ကုသိုလ် ကောင်းမှုကို အရအမိ လုပ်လိုက်ရတာပါလား ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ရှေးဦးစွာဖြစ်ဖို့

ပြောကြားချင်ပါတယ်။ ဒီကုသိုလ်ပွဲနဲ့ ပတ်သက်ပြီး ''တို့ သရဏဂုံ,သီလတွေ တည်ဆောက်ပြီးတော့ နေကြတာပဲ'' ဆိုပြီးတော့လဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြဖို့ ပြောကြားချင်ပါတယ်။

သင်္ကန်းဆိုတာ ရှိခိုးသင့်

နောက်ပြီး ဟောဒီ သင်္ကန်းဆိုတာနဲ့ ပတ်သက်ပြီးတော့ မှတ်သားစရာလဲပဲ ပြောကြားချင်သေးတယ်။ လူဒကာဒကာမများအနေနဲ့ သင်္ကန်းဆိုတာကို ဘယ်လောက်တောင်မှ အလေးတမူ အရေးယူပြီးတော့ ကိုးကွယ်ထိုက်သလဲ ဆိုတာ....

''ပန္ထေ ဒိသွာန ကာသာဝံ၊ ဆဍ္ဍိတံ မီဠှမက္ခိတံ။
သိရသ္မိံ အဉ္ဇလိံ ကတွာ၊ ဝန္ဒိတဗ္ဗံ ဈာယိဗ္ဗတံ။

ပဋ္ဌေ= လမ်းဆုံလမ်းမ, လမ်းလေးခွ၌၊ ***ဆဍ္ဍိတံ***= စွန့်ပစ်ထားအပ်သော၊ ***မီဠှမက္ခိတံ***= မစင်အညစ် အကြေးတို့ဖြင့် လူးပေ၍နေသော၊ ***ကာသာဝံ***= ဖန်ရည်ဆွတ်ဖျန်း ဝတ်သင်္ကန်းကို၊ ***သိရသ္မိံ***= ဦးခေါင်းထက်၌၊ ***အဉ္ဇလိံ***= လက်အုပ်ကို၊ ***ကတွာ***= တင်ထားပြီး၍၊ ***ဣသိဒ္ဓဇံ***=ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ အလံတံခွန်သဖွယ်ဖြစ်သော ထိုသင်္ကန်းကို၊ ***ဝန္ဒိတဗ္ဗံ***= ရှိခိုးသင့် ရှိခိုးထိုက်ပါပေတော့၏။”

လူဒကာဒကာမများအနေနဲ့ ဟောဒီသင်္ကန်းဆိုတာ ရှိခိုးထိုက်တဲ့ သင်္ကန်း၊ ဒီမှာက ဘယ်လိုပြောထားတုံး? ဆိုရင် ဥပမာ–သင်္ကန်းတစ်ထည် လမ်းဘေး အမှိုက်ပုံမှာ စွန့်ပစ်ထားတယ်၊ သင်္ကန်းက

သန့်သန့်ရှင်းရှင်းလဲ မဟုတ်ဘူး၊ မစင်ကျင်ကြီးတွေနဲ့ လူးပေပြီးတော့နေတယ်၊ သင်္ကန်းစုတ်ပေါ့၊ အဲဒီလို သင်္ကန်းစုတ်ပင် ဖြစ်စေတော့၊ လူဒကာဒကာမများ အနေနဲ့ အဲဒီသင်္ကန်းကို မရိုမသေ မလုပ်ထိုက်ဘူး တဲ့၊ ရှိခိုးဦးချကန်တော့ထိုက်တယ်၊ ဒီလို ဆိုထားတာနော်၊ ဘာဖြစ်လို့ရှိခိုးထိုက်တာလဲ ဆိုတာကို နောက်မှာ ဆက်ပြော ထားတယ်။

ဘုရားရဟန္တာတို့ အောင်တံခွန်

"အဗ္ဘတီတာ စ ယေ ဗုဒ္ဓါ၊ ဝတ္တမာနာ အနာဂတာ။
ဓဇေနာနေန သုဇ္ဈန္တိ၊ တသ္မာ ဓဇော နမဿိယာ။

အဗ္ဘတီတာ= လွန်တော်မူပြီးကြကုန်သော၊ ယေ ဗုဒ္ဓါ စ= အကြင်ဘုရားရှင်တို့သည်လည်းကောင်း၊

ဝတ္တမာနာ= ယခုပွင့်တော်မူဆဲဖြစ်ကြကုန်သော၊ ယေ ဗုဒ္ဓါ စ= အကြင်ဘုရားရှင်တို့သည်လည်းကောင်း၊ အနာဂတာ= နောင်ပွင့်တော်မူလတ္တံ့ ဖြစ်ကြကုန်သော၊ ယေ ဗုဒ္ဓါ စ= အကြင်ဘုရားရှင်တို့သည်လည်းကောင်း၊ သန္တိ= ရှိတော်မူကြလေကုန်၏။ တေ= ထိုဘုရားရှင်အားလုံးတို့သည်။ အနေန ဓဇေန= ဤသက်န်းတည်းဟူသော အောင်လံတံခွန်ဖြင့်၊ သုဗ္ဗုန္တိ= ကိလာသာအားလုံးမှ စင်ကြယ်တော်မူကြလေကုန်၏။ တသ္မာ= ထိုကြောင့်၊ ဧတေ=ထိုသက်န်းတို့ကို၊ နမဿိယာ= ရှိခိုးထိုက်ပါပေကုန်၏။"

မစင်အညစ်အကြေးလူးပေပြီးနေတဲ့သက်န်းပင် ဖြစ်ချင်ဖြစ်ပါစေ၊ မရှိမသေ မပြုထိုက်ဘူး၊ ရှိခိုးရမယ်၊ ဘာဖြစ်လို့တုံး? ဆိုရင် ရှေးတုန်းက ပွင့်တော်မူခဲ့တဲ့ ဘုရားရှင်တွေရော၊ ယခုပွင့်တော်

မူဆဲ ဂေါတမမြတ်စွာဘုရားရှင်ရော၊ နောက်နောင်ပွင့်တော်မူကြမည့် အရိမေတ္တေယျစသော ဘုရားရှင်တွေအားလုံးရော၊ ဗောဓိပင်နှင့် ရွှေပလ္လင်ရင်းမှာ မာရ်ငါးပါးကို အောင်ပြီးတော့ ကိလေသာအားလုံး စင်ကြယ်တာ ဟောဒီ သင်္ကန်းကို ဝတ်ပြီးမှ စင်ကြယ်တာတဲ့၊ ဒီပြင် အဝတ်တွေ ဝတ်ပြီးမှ စင်ကြယ်တာ မဟုတ်ဘူး၊ ဒီသင်္ကန်းကို ဝတ်ပြီးမှ ဒီအဝတ်မျိုးကို ဝတ်ပြီးမှ စင်ကြယ်တာ၊ ဘုရားရှင်တွေ ပုဆိုးဝတ်ပြီး ဘုရားဖြစ်တာလဲ မဟုတ်ဘူး၊ အင်္ကျီ ဝတ်ပြီးတော့ ဘုရားဖြစ်တာလဲ မဟုတ်ဘူး၊ ဘောင်းဘီဝတ်ပြီးတော့ ဘုရားဖြစ်တာလဲ မဟုတ်ဘူးနော်။ ဘုရားရှင်တွေ ဘုရားဖြစ်တယ်ဆိုတာ သင်္ကန်းဝတ်ပြီးမှ ဘုရားဖြစ်တာ၊ ဒါကြောင့် ဟောဒီသင်္ကန်းကို လူဒကာဒကာမတွေ အနေနဲ့

“ဪ..ဘုရားအဆူဆူတို့ ကိလေသာ ရန်သူတွေကို နှိမ်နင်းခဲ့တာ ဟောဒီ အဝတ်မျိုးဝတ်ပြီး နှိမ်နင်းခဲ့တာပါလား၊ ဟောဒီလို အဝတ်မျိုးကို ဝတ်ပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူတာပါလား” လို့ ဒီလို အာရုံယူပြီးတော့ ရှိခိုးရမယ် တဲ့၊ ဒါကြောင့် ရှိခိုးသင့်တယ်။ သင်္ကန်းဆိုတာကို “**ဣသိဒ္ဓဇ**”လို့ ခေါ်တယ်၊ “ဘုရား၊ပစ္စေကဗုဒ္ဓါ၊ရဟန္တာအရှင်သူမြတ်များ၏ အောင်လံတံခွန်”လို့ ဆိုလိုတယ်။

“ရဟန္တာဖြစ်သော်လည်း သင်္ကန်းမဝတ်ရသူ”

အဲဒီတော့ ဒကာဒကာမများ သိထားဖို့က ရဟန္တာဆိုတာ နတ်ပြည်မှာလဲ ရှိနိုင်တယ်၊ ဗြဟ္မာ့ပြည်မှာလဲ ရှိနိုင်ပါတယ်၊ နတ်ပြည်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု

ပြီးတော့ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို အသာထား၊ လူပြည်မှာဆိုရင် ရဟန္တာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဆိုတာ သင်္ကန်းဝတ်ပြီးတော့မှ ရဟန္တာဖြစ်ကြတယ်။ ရဟန္တာဖြစ်ပေမဲ့ သင်္ကန်းမဝတ်ပဲ ရဟန္တာဖြစ်ကြတဲ့ သူတွေ မရှိဘူးလား?ဆိုရင် ရှိတယ်၊ နဲနဲလေးပဲ ရှိတယ်၊ ဥပမာ-**ရှင်ဗာဟိယ**တို့ ဆိုရင် ဘုရားရှင်ရဲ့ တရားဓမ္မကို နားကြားပြီးတဲ့အခါ ရဟန္တာဖြစ်သွားတယ်၊ လူဘဝနဲ့ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်သွားတဲ့အခါ တပည့်တော် "သင်္ကန်းဝတ်ပါရစေဘုရား၊ သင်္ကန်းဝတ်ပါရစေဘုရား" လို့ မြတ်စွာဘုရားထံ တောင်းပန်တယ်။ မြတ်စွာဘုရားက မင်း သင်္ကန်း ရှိပြီလား? တဲ့။ "မရှိသေးပါဘုရား" တဲ့။ "ဒါဆို သွားရှာချေ" တဲ့။ သင်္ကန်းဝတ်ဖို့ ဆိုပြီး သွားရှာနေတုန်း ဇာတကကတော့ဆိုပါတယ် ရှေးဘဝက သင်္ကန်း

အလှူဒါန မရှိခဲ့လို့ ဒီလို သင်္ကန်းရှာရတာတဲ့နော်၊ သင်္ကန်းရှာနေတုန်း ရှေးဘဝက ရန်သူဖြစ်ခဲ့ဘူးတဲ့ ဘီလူးမက နွားမတစ်ကောင်ကို ပူးဝင်ပြီးတော့ သင်္ကန်းရှာနေတဲ့ အရှင်ဗာဟိယကို တိုက်ဝှေ့ပြီး သတ်ပစ်လိုက်တယ်။ အဲဒီတော့ လူ့ဘဝနဲ့ ပရိနိဗ္ဗာန်စံ သွားတယ်တဲ့။ ဆိုကြပါစို့နော်၊ အဲဒီတော့ အရှင်ဗာဟိယ ရဟန္တာဖြစ်တယ်၊ သင်္ကန်းဝတ်လိုက် ရလား? မဝတ်လိုက်ရဘူး။

နောက်ထပ် ရဟန္တာဖြစ်ပြီးတော့ သင်္ကန်း မဝတ်လိုက်ရတဲ့ ပုဂ္ဂိုလ်တွေ ရှိသေးလား? ဆိုရင် ရှိတယ်။ ဘယ်သူတွေတုံး? **သုဒ္ဓေါဒနမင်းကြီး**။ ခမည်းတော်သုဒ္ဓေါဒနမင်း ကြီးလဲပဲ ဒီအတိုင်းပဲ၊ မြတ်စွာဘုရားရဲ့ တရားတော်ကို နားကြားရတယ်၊ ရဟန္တာဖြစ်သွားတယ်၊ သင်္ကန်း မဝတ်လိုက်ရပါဘူး။

ထီးဖြူအောက်မှာပဲ ရဟန္တာ ဖြစ်ပြီးတော့ ပရိနိဗ္ဗာန် စံသွားတယ်။

အရှင်ယသ ဘဝ

ဒီပြင် ပုဂ္ဂိုလ်များကျတော့ ဥပမာ– **ရှင်ယသ** ပေါ့၊ ရှင်ယသဆိုရင် ဝါဆိုလပြည့်ကျော် ၅–ရက်နေ့မှာ အိမ်မှာနေရင်း ခြွေရံမောင်းမ မိသံ့တွေ ပိုးစိုးပက်စက် အိပ်ပျော်နေတာ တွေ့ပြီး "သုသာန်တစ သချိုင်း ဝကြီးနဲ့ တူလိုက်တာ၊ ဒီလိုနေရာမျိုး ငါမနေချင်ဘူး" ဆိုပြီး ထွက်သွားတယ်၊ ရှေးကုသိုလ်ကလဲ ရှိနေတော့ တိုက်တိုက်ဆိုင်ဆိုင် မြတ်စွာဘုရားရှိတဲ့ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောကြီးဆီ သွားမိရက် ဖြစ်သွားတာ၊ ဒါ ရှေးကုသိုလ်ကံရှိလို့ သွားမိရက်ဖြစ်တာနော်၊ ရှေးကုသိုလ်ကံမရှိတဲ့သူ တစ်ယောက်ဆိုရင် ညမှာ အိမ်က ထွက်ပြေးတဲ့ အိမ်ပြေး

တစ်ယောက် ဘယ်ရောက်လို့ ရောက်မှန်း သိချင်မှ သိမှာပေါ့၊ ဟော...ကုသိုလ်ကံက မြတ်စွာဘုရားနဲ့ တည့်ပေးလိုက်တယ်၊ အဲဒီအချိန်ကို ဒကာဒကာမများက အာရုံယူပြီးတော့ ကြည့်ပေါ့၊ မြတ်စွာဘုရားက ဝါဆိုလပြည့်နေ့မှာ တရားဦး ဓမ္မစကြာဟော၊ ဝါဆိုလပြည့်နေ့ကစပြီး အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတို့ တစ်ရက်တစ်ပါး သောတာပန်တွေ ဖြစ်ကြတယ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့မှာ ရဟန္တာတွေဖြစ်ကြတယ်။ အဲဒီရဟန္တာဖြစ်ကြတဲ့ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့ညမှာ ယသသူဌေးသား အိမ်က ထွက်ပြေးလာပြီး မြတ်စွာဘုရားနဲ့ တွေ့တယ်၊ ရှေးကုသိုလ်ကံရှိလို့မို့ တည့်တည့်ဆိုင်ဆိုင်ကြီး လာတွေ့တာနော်၊

ဗုဒ္ဓဂယာ ဘုရားဖူးကြတဲ့ ပုဂ္ဂိုလ်တွေ တွေ့ကြပါလိမ့်မယ်၊ "ဒီနေရာက မြတ်စွာဘုရားနဲ့ ရှင်ယသတွေ့တဲ့နေရာ၊ မြတ်စွာ ဘုရားက ရှင်ယသကို တရားဟောတဲ့နေရာ" ဆိုပြီးတော့ သတ်သတ်မှတ်မှတ် နေရာရှိပါရဲ့၊ ရှိပါစေ တော့...

ရှင်ယသလောင်းလျာ သူဌေးသား ညအိပ်ရာက ထွက်ပြေးလာရာကနေ ဘုရားနဲ့ တွေ့တယ်၊ တရားဓမ္မနာကြားလိုက်တော့ သောတာပန်ဖြစ်သွားတယ်၊ အဲဒီချိန်မှာ မနက်လဲ မိုးလင်းရော အမေကြီးက အဖေကြီးထံ သားပျောက်လို့ သွားပြောတယ်၊ အဖေကြီးက မြင်းသည်တော်တွေကို အရပ်လေးမျက်နှာလွှတ်တယ် "သွားစမ်း၊ သားကို လိုက်ရှာကြစမ်း၊ သားကို လိုက်ရှာကြစမ်း" ဆိုပြီးတော့

ရှာခိုင်းတယ်၊ အဖေကြီးကိုယ်တိုင်လဲပဲ ငါကိုယ်တိုင်လဲ ရှာမယ်ဆိုပြီးတော့ ရှာရင်း မြတ်စွာဘုရားရှိတဲ့ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောကို ရောက်သွားတယ်၊ အဲဒီအချိန်မှာ အရှင်ယသက မြတ်စွာဘုရားနားမှာ ရှိပြီးတော့ နေတာပါပဲ၊ မြတ်စွာဘုရားက အဖေသူဌေးကြီး လာတဲ့အခါ အရှင်ယသကို တန်ခိုးနဲ့ကွယ်ပြီးတော့ ထားလိုက်တယ်၊ အဲဒီသူဌေးကြီးက လာပြီးတော့ မေးတယ်၊ ''အရှင်ဘုရား! ယသသူဌေးသားကိုများ မမြင်မိဘူးလား ဘုရား?'' ။ ''ဒါယကာကြီး! ယသကို တွေ့ချင်တယ်ဆိုရင် ထိုင်စမ်းပါဦး၊ တွေ့ရပါလိမ့်မယ်'' ဆိုပြီးတော့ မြတ်စွာဘုရားက တရားဟောတယ်၊ အရှင်ယသက တန်ခိုးနဲ့ကွယ်ထားတဲ့ နေရာကနေ တရားနာနေတယ်နော်။ အဲဒီလို အဖေကြီးကို

ဟောတဲ့တရား နာနေရင်းနဲ့ပဲ ရဟန္တာဖြစ်သွားတယ်၊ သူဌေးကြီးကလဲ သောတာပန်ဖြစ်သွားတယ်၊ အဲဒီကျမှ မြတ်စွာဘုရားက တန်ခိုးတော်ကို ရုပ်သိမ်းလိုက်တယ်၊ ရုပ်သိမ်းလိုက်တဲ့အခါ သူဌေးကြီးက သား“ယသ”ကို တွေ့တယ်။ “ငါ့သား ယသ! မင်းအမေကတော့ အိမ်မှာ မျက်ရည်နဲ့ မျက်ခွက်ဖြစ်ပြီးတော့ နေတယ်။ အိမ်ကို ပြန်လိုက်ခဲ့ပါတော့” ဆိုတော့ အရှင်ယသက မြတ်စွာဘုရားကို မော့ပြီး ကြည့်တယ်၊ မြတ်စွာဘုရားက မိန့်တော်မူတယ် “ဒကာကြီး ယသ ဟာ ဆိုရင် လူဝတ်ကြောင်ဘဝမှာ လှည့်လည်ပြီး ကာမဂုဏ်တွေ ခံစားရတော့မဲ့ အနေအထားမဟုတ်တော့ဘူး” ဆိုပြီး ပြောလိုက်တော့မှ အဖေကြီးက “မြတ်စွာဘုရားနဲ့ တကွ ရှင်ယသ ယနေ့ အိမ် ဆွမ်း

ဘုဉ်းပေးကြွပါဘုရား" ဆိုပြီးတော့ ပင့်သွားတယ်။

ဧဟိဘိက္ခုဆိုတာ

အဖေသူဌေးကြီးလဲပြန်သွားရော အရှင်ယသက "တပည့်တော် သင်္ကန်းဝတ်ပါရစေဘုရား"တောင်းပန်တယ်၊ မြတ်စွာဘုရားက "**ဧဟိဘိက္ခု**-ရဟန်းလာလော့" လို့ "**ဧဟိဘိက္ခု**" ခေါ်ပြီးတော့ ရဟန်းပြုပေးလိုက်တယ်။ "**ဧဟိဘိက္ခု**"ခေါ်ပြီးတော့ ရဟန်းပြုပေးလိုက်တယ်ဆိုတာ အခုခေတ်လို သိမ်ဝင်စရာမလိုဘူး။ "**ဧဟိဘိက္ခု**- ရဟန်းလာခဲ့၊ **သွာက္ခာတော ဓမ္မော**- တရားဓမ္မတွေကို ငါဘုရား ကောင်းမွန်ကန်စွာ ဟောကြားထားတယ်၊ ဒါကြောင့် "**စရ ဗြဟ္မစရိယံ**- ငါဘုရား သာသနာတော်ထဲမှာမြတ်သော အကျင့်ကို ကျင့်တော့။ **သမ္မာ ဒုက္ခဿ အန္တကိရိယာယ**- ဟောဒီ

သံသရာဒုက္ခကြီးရဲ့ အဆုံးကိုပြုဖို့ ကောင်းကောင်းကျင့်တော့" ဆိုပြီးတော့ ဒီလို ခေါ်လိုက်တာနဲ့ သင်္ကန်းတွေ, သပိတ်တွေ, ခါးပန်းကြိုးတွေ, ဒုကုဋ်သင်္ကန်းကြီးတွေ ပခုံးပေါ်.ချွာပေါ် အကုန်လုံး ရောက်လာတယ်။ ဝတ်ပြီးသား ဖြစ်သွားတယ်တဲ့၊ အဲဒီလိုမြတ်စွာဘုရားက "လာလော့" ဆိုပြီးတော့ ခေါ်လိုက်တာနဲ့ တပြိုင်နက် ရဟန်းဖြစ်သွားတဲ့ ပုဂ္ဂိုလ်များကို "ဧဟိဘိက္ခု" ဆိုပြီး ခေါ်တာပဲ။

သင်္ကန်းလှူဒါန်းရခြင်း အကျိုးတစ်မျိုး

ကျမ်းဂန်များက ပြောပါတယ်၊ ရှေးရှေးဘဝများတုန်းက သင်္ကန်းလှူဒါန်းခဲ့ဘူးတဲ့ အမျိုးသားတွေ ဒီလို အကျိုးတရားမျိုးရနိုင်တယ်၊ ယခုနက အရှင်ဗာဟိယတို့လို ပုဂ္ဂိုလ်မျိုးကျတော့ "ရှေးရှေးဘဝတုန်းက သင်္ကန်းမလှူဒါန်းခဲ့လို့ အဲဒီလို

မဖြစ်နိုင်တာလို့ ဆိုပါတယ်။ ရှေးရှေးဘဝတုန်းက သီလရှိကြတဲ့ ရဟန်းတွေ၊ ဘုရား၊ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတွေကို သင်္ကန်းလှူဒါန်းခဲ့ပြီးပြီဆိုလျှင် ဧဟိဘိက္ခု ဖြစ်နိုင် တယ်'' လို့ ဆိုထားတယ်။ ဒါကလည်း သင်္ကန်း လှူဒါန်းခြင်းရဲ့ အကျိုးတစ်မျိုးပဲ ဆိုကြပါစို့။ ရှိစေတော့၊

ဦးဇင်းတို့က ဘာပြောချင်တာတုံး? သင်္ကန်း ဆိုတာ လူဝတ်ကြောင် ဒကာဒကာမများ အနေနဲ့ မရှိမသေ မလုပ်ထိုက်ဘူး၊ မစင်ကျင်ကြီးတွေ လူးပေပြီးတော့ နေစေဦးတော့၊ တရိုတသေ တလေးတစားနဲ့ ရှိခိုးထိုက်တယ်။ ဘာပြုလို့တုံး? ဆိုရင် ရှေးရှေးဘုရားရှင်တွေရော၊ ပစ္စုပ္ပန်ဘုရားရှင်တွေရော၊ နောက်ပွင့်မည့်ဘုရားရှင်တွေရော ဘုရားရှင်တွေအားလုံးဟာ ဒါကိုပဲ ဝတ်ပြီးတော့

ဘုရားဖြစ်ကြလို့ပဲ။ လူဘဝ အနေနဲ့ ရဟန္တာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဆိုရင်လဲ အဲဒီနေ့မှာ ပရိနိဗ္ဗာန်စံမှာ မဟုတ်ဘူးဆိုရင် ဟောဒီသင်္ကန်း ဝတ်ကိုဝတ်ရတယ်။ ဒါကြောင့် ဟောဒီသင်္ကန်းဟာ ရဟန္တာတို့ရဲ့ တံခွန်အောင်လံလဲပဲ ဖြစ်တယ်။

သတိထားကြရန်

အဲဒီတော့ ဦးဇင်းတို့ ဒကာဒကာမများ ဒီနေရာမှာ စဉ်းစားရမှာပေါ့၊ တို့တတွေ ကျောင်းတွေမှာ ရောက်ပြီဆိုရင် သင်္ကန်းတွေ ဘယ်လောက်ကြီး ညစ်ပေနေနေ တို့တတွေ နင်းသင့်သလား? မနင်းသင့်သလား? ခြေသုတ်သင့်သလား? မသုတ်သင့်သလား? ဒါ စဉ်းစားပြီးတော့ ကြည့်သင့်

တာပေါ့နော်။ အဲဒီတော့ သင်္ကန်းဝတ်ပြီးတော့ထားတဲ့ ပုဂ္ဂိုလ်မျိုး ဆိုရင် သူ့ဘာသာသူ ဘာအကျင့်ရှိပြီး တော့နေနေ၊ အော်... 'မြတ်စွာဘုရားရဲ့ အဝတ်ကို ဝတ်ထားတာပဲ' လို့ ဒီလို အသိစိတ်ဓာတ် လေးမျိုးနဲ့ အရိုအသေပြုဖို့ လိုအပ်တယ်၊ ပုဂ္ဂိုလ်ကို ကန်တော့ တာ မဟုတ်ပါဘူး၊ ဘုရားသင်္ကန်းကို ကန်တော့တာပါ ဆိုပြီးတော့ ဒီလိုပဲဖြစ်ဖြစ် အာရုံထားပြီး ကန်တော့ သင့်တယ်ပေါ့နော်၊ သူ့အကျင့် မကောင်းရင် သူ့ အကုသိုလ်နဲ့ သူပေါ့။

သင်္ကန်းကို လေးစားသည့် ဆဒ္ဒန်ဆင်မင်း

ဦးဇင်းတို့ ဒကာဒကာမများ ကြားဖူးပြီးတော့ နေကြတဲ့ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ စူဠသုဘဒ္ဒါက အငြိုးကြီးကြီးနဲ့ သူ့ရဲ့ဘဝဟောင်းက ခင်ပွန်းဖြစ်ခဲ့ဖူး တဲ့ ဆဒ္ဒန်ဆင်မင်းကို သတ်ဖြတ်ချင်တော့ သောန

တ္တိုရ်မုဆိုးကို လွှတ်ပြီးတော့ သတ်ခိုင်းတယ်။ သောနုတ္တိုရ်မုဆိုးကလည်း ခရီးအထပ်ထပ်နဲ့ ပင်ပင်ပန်းပန်း ဒုက္ခပေါင်းများစွာ ရင်းနှီးပြီးတော့ သွားတယ်။ သွားရင်းကနေ ဆဒ္ဒန်ဆင်မင်းတို့နေတဲ့ နေရာရောက်တော့ အကဲခတ်တယ်၊ ဒီဆင်ကို ဘယ်လို လုပ်ကြံရမလဲ? အချိန်တွေယူပြီး လေ့လာတယ်။ ဆဒ္ဒန်ဆင်မင်းနားတဲ့ နေရာ၊ လေညှင်းခံတဲ့ နေရာ၊ သေချာ မှတ်သားထားပြီးတော့ ဆင်မင်းနားတဲ့ နေရာအောက်ကနေ လိုဏ်ခေါင်းတူးပြီး အပေါ်ကနေ ပျဉ်ချပ်ဖုံး မြားတံလေးတစ်တံစာလောက် ထွက်နိုင်ရုံ အပေါက်လေး ဖောက်ထား၊ ဆင်မင်း ရေချိုးတဲ့ အချိန်မှာ အဲဒီလိုဏ်ဂူထဲမှာ ဝင်ပြီးတော့ စောင့်နေတယ်။ ဆင်မင်းက ရေချိုးပြီးတော့ သူ့ရဲ့ဇနီးကြီး မဟာသုဘဒ္ဒါနဲ့ အဲဒီနေရာ ရောက်လာ

တယ်။ ရပ်ပြီးတော့ လေညှင်းခံနေတယ်၊ ရေချိုးပြီး လေးညှင်းခံတဲ့ ဆင်မင်းရဲ့ ခန္ဓာကိုယ်ပေါ်က ရေပေါက်တွေ တစ်ပေါက်ပေါက်နဲ့ အောက်ကျလာတာပေါ့၊ ဒီနေရာ ဆင်ရောက်ပြီဆိုတာ သိတော့ ခုနက ဖောက်ထားတဲ့ အပေါက်လေးကနေ မြားကို လွှဲပြီးတော့ ပစ်လွှတ်လိုက်တယ်၊ မြားတံက အောက်ချက်ကနေဝင်ပြီး ကျောက်ကုန်းကနေ ဖောက်ပြီးတော့ ကောင်းကင်ပေါ်မှာ တက်သွားတယ်။ မိမိပစ်ဖောက်ခံရတဲ့ အခါကျတော့ ဆင်မင်းက နာကျင်တဲ့ အသံကို အော်တယ်၊ အခြံအရံ ဆင်ပေါင်းရှစ်ထောင်ဟာလဲ ခေါင်းဆောင်ဆင်မင်း အော်သံကြားတဲ့အခါ ရန်သူကို ရှာမယ်ဆိုပြီး

အရပ်ဒေသအသီးသီးကို ပြေးကြတယ်၊ ရှာကြတယ်၊ ဘယ်က ရန်သူလဲ? ဘယ်က ပစ်တာလဲ? ဆိုပြီးတော့ ရှာကြတယ်။ ဘုရားအလောင်းက စဉ်းစားတယ်၊ ဒီမြှားက အောက်ကနေ လာတာ၊ တခြားနေရာက လာတာ မဟုတ်ဘူး၊ အောက်မှာပဲ ဒီရန်သူ ရှိမယ်၊ အရေးထဲမှာ မဟာသုဘဒ္ဒါက အနီးအနားကပ်ပြီးတော့ နေတယ်။ ဘုရားအလောင်းက ပြောတယ်၊ "မဟာသုဘဒ္ဒါ! အခြားဆင်တွေက ရန်သူကို ရှာမလို့ ဆိုပြီး သွားကြတယ်၊ မင်းကတော့ ဘာဖြစ်လို့ မသွားတာလဲ?" တဲ့၊ နှင်ထုတ်တာပါပဲ၊ အမှန်ကတော့နော်... အဲဒီတော့ မဟာသုဘဒ္ဒါက မသွားချင်ဘူး ဒုက္ခရောက်လဲ အတူတူပဲ၊ ဆင်မင်းကို ပစ်ထားပြီးတော့ မသွားနိုင်ဘူး။ ဘုရားအလောင်းက မောင်းထုတ်တယ်၊ ရန်သူကိုတွေ့ရင် မဟာသုဘဒ္ဒါ

သိပ်ပြီးဒေါသထွက်မှာ စိုးလို့ ပထုတ်တာ။ မဟာသုဘဒ္ဒါ ယက်ကန် ယက်ကန်နဲ့ နောက်ဆံတင်းပြီးတော့ သွားရှာတယ်။ အဲဒီတော့မှ ဘုရားအလောင်းက ခြေထောက်နဲ့ မြေကြီးကို ခုတ်လိုက်တဲ့အခါ ပျဉ်ချပ်ကြီးတွေ ပေါ်လာတယ်၊ အတွင်းထဲက လူကို သွားတွေ့တယ်၊ သောနုတ္တိုရ်မုဆိုး ဘာလုပ်ထားတုံး? သင်္ကန်းကြီးပတ်ထားတယ်။ ပထမပိုင်းတော့ ဘုရားအလောင်းက ဟောဒီမုဆိုးတွေတော့ ရန်သူပဲဟဲ့ ဆိုပြီး နှာမောင်းနဲ့ ရိုက်သတ်မလို့၊ နောက်ပိုင်းကျတော့ ဘယ်လိုစဉ်းစားလိုက်တုံး? “ဪ... သူဝတ်ထားတာက သူတော်စင်အဝတ်ကို ဝတ်ထားတာ၊ ဟောဒီ သူတောင်းကောင်းအဝတ် ဝတ်ထားတဲ့အတွက် ငါ သူ့ကို မသတ်ထိုက်တော့ဘူး” လို့

စဉ်းစားပြီးတော့ သူ့ကို မသတ်တော့ဘူးတဲ့နော်။

အဲဒီမှာ ကြည့်နော်၊ ဘုရားအလောင်း ဆင်မင်းက မိမိရဲ့ရန်သူ မိမိရဲ့အသက်အန္တရာယ်ကိုရှာတဲ့ ပုဂ္ဂိုလ်ကိုတောင်မှ သင်္ကန်းရဲ့အရိပ်အရောင်နဲ့ မသတ်မဖြတ်ဘဲ နေတယ်၊ အဲဒီမှာ ဘုရားအလောင်း ဆင်မင်းက အဲဒီ သောနုတ္တိုရ်မုဆိုးကို ပြောလိုက်တဲ့ စကားကလေးပဲ သင်္ကန်းအလှူခံကြတဲ့ ဘုန်းကြီးတွေ မှတ်သားစရာပဲနော်...

❁သင်္ကန်းကို မဝတ်ထိုက်သူ❁

အနိက္ကသာဝေါ ကာသာဝံ၊
ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊
န သော ကာသာဝမရဟတိ။

မိမိ၏ သန္တာန်မှာ ကိလေသာဖန်ရည်တွေ

လူးပေနေတဲ့ ကိလေသာဖန်ရည်တွေ မကင်းကွာသေးတဲ့ ပုဂ္ဂိုလ်မျိုး၊ နောက်ပြီး **အပေတော ဒမသစ္စေန**– ဣန္ဒြေကို မစောင့်စည်းဘူး၊ မျက်စိကလည်း ကြည့်ချင်တာ ကြည့်တယ်၊ နှာခေါင်းကလည်း နမ်းချင်တာ နမ်းတယ်၊ လျှာကလည်းပဲ စားချင်တာ စားတယ်၊ ခန္ဓာကိုယ် အတွေ့အထိကလည်း ထိန်းချုပ်မှု မရှိဘူး၊ အာရုံငါးပါး, အာရုံခြောက်ပါး ထိန်းထိန်းသိမ်းသိမ်း လုံးဝမရှိဘူး။ နောက် ဝစီသစ္စာလို့ခေါ်တဲ့ မှန်ကန်တဲ့ သစ္စာစကားမျိုး မရှိပဲနဲ့၊ ခုနက သင်္ကန်းမျိုးကို ဝတ်ပြီးတော့နေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဒီသင်္ကန်းကို မဝတ်ထိုက်ဘူးတဲ့။

ဆင်းမင်းပြောတဲ့ စကားကို ဘုန်းကြီးတွေ မှတ်သားစရာပဲနော်၊ ကိလေသာတွေကလဲ ဗလပွ ဖြစ်နေမယ်၊ ထိန်းထိန်းသိမ်းသိမ်းလဲ မရှိဘူး။ လူတွေလိုပဲ၊ လူတွေနဲ့ ဘာမှမကွာဘူး။ ပြီးတော့ မျက်

စိ,နား,နှာ,လျှာ,ကိုယ်,စိတ် လုံးဝမထိန်းချုပ်ဘူး၊ ဣန္ဒြေငါးပါး,ဣန္ဒြေခြောက်ပါး လုံးဝမထိန်းချုပ်ဘူး၊ ဣန္ဒြိယဒမ လို့ခေါ်တဲ့ ဣန္ဒြိယသံဝရသီလမျိုး မရှိဘူး။ အလိမ်အညာစကားတွေကလဲပေါတယ် ဆိုရင် အဲဒီလိုပုဂ္ဂိုလ်မျိုး သင်္ကန်းဝတ်မထားသင့် ပါဘူးတဲ့ နော်။

သင်္ကန်းဝတ်ထိုက်သူ

ယော စ ဝန္တကသာဝဿ၊
သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊
သဝေ ကာသာဝမရဟတိ။

‟မိမိတို့ရဲ့သန္တာန်မှာ ကိလေသာဖန်ရည်တွေ ကင်းကွာအောင် ကြိုးစားပြီးတော့နေတဲ့၊ ကိလေသာဖန်ရည်တွေကို ထွေးအံ့ပြီးထားတဲ့၊ ကိုယ်ကျင့်သီလနဲ့လဲပဲ ပြည့်စုံတဲ့၊ ဣန္ဒြေကိုလဲပဲ ထိန်းထိန်းသိမ်းသိမ်း

စောင့်ရှောက်တဲ့၊ ဟော... ဝစီသစ္စာနဲ့လဲပဲ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေကမှ ဟောဒီလို သင်္ကန်းမျိုးကို ဝတ်သင့်ပါတယ်” ဆိုပြီးတော့ ဆဒ္ဒန်ဆင်မင်းကနေ ပြောတယ်။ ဒါလဲပဲ မှတ်သားစရာပဲ။

အဲဒီတော့ ဒီနေရာမှာ နှစ်ဖက်ပေါ့နော်၊ ဒကာ,ဒကာမများအနေနဲ့ဆိုရင် သင်္ကန်းကို မရိုမသေ မလုပ်ထိုက်ဘူး၊ မစင်ကျင်ကြီးတွေ လူးပေနေတောင်မှ ရှိခိုးသင့်တယ်။ တို့ဘုန်းကြီးတွေ ဘက်က ကြည့်မယ်ဆိုရင် “ဟာ...သင်္ကန်းဆိုတာက ဝတ်ချင်တိုင်း ဝတ်သင့်တာ မဟုတ်ဘူး၊ ဝတ်ထိုက်တာ မဟုတ်ဘူး။ ဝတ်နိုင်တဲ့ အရည်အချင်း, အရည်အသွေးရှိမှ ဝတ်သင့်တယ်လို့” ဒီလိုသဘောထားပြီး သင်္ကန်းဝတ်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ ဝတ်ထားတဲ့ သင်္ကန်းနဲ့တန်အောင် တက်နိုင်သမျှ မိမိတို့ အရည်အသွေးတွေ မြှင့်အောင်ကြိုးစားဖို့ဆိုတာ လိုအပ်တာပေါ့။

ကြောက်စရာသင်္ကန်း

နောက် သင်္ကန်းဝတ်တာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဓမ္မပဒမှာ ဟောထားတဲ့ ဒေသနာကလဲ ရဟန်းသာမဏေတွေအတွက် ကြောက်စရာကောင်းတယ်...

ကာသာဝကဏ္ဌာ ဗဟဝေါ ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

လည်ပင်းပေါ်မှာ သင်္ကန်းကို ဆွဲချိတ်တင်ထားပြီးတော့ မကောင်းမှု အကုသိုလ်တွေ လုပ်ပြီး နေကြတဲ့ ပုဂ္ဂိုလ်တွေ အဲဒီကံတွေကြောင့် ငရဲ ရောက်ကြရတယ်တဲ့၊ ဒါ သင်္ကန်းဝတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ကြောက်စရာပဲနော်၊ သတိထားစရာနော်။

မြတ်စွာဘုရားက အဂ္ဂိက္ခန္ဓောပမ သုတ္တန်မှာ ဟောထားတာကျတော့ ဒကာ၊ဒကာမတွေ လှူဒါန်းထားတဲ့ သင်္ကန်းကိုဝတ်တာဟာ ကိုယ်ကျင့်သီလမရှိ

တဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင် မီးဟုန်းဟုန်းတောက်နေတဲ့ သံပြားကို ဝတ်ရသလိုပဲတဲ့၊ အဲဒါကမှ သက်သာပါသေးတယ်" ဆိုပြီး ဟောထားတယ်။

ကဲ...ရှိပါစေတော့၊သင်္ကန်းနဲ့ဆက်စပ်ပြီး ဒကာဒကာမများဘက်ကရော၊ ရဟန်းသာမဏေများဘက်ကရော၊ စဉ်းစားဆင်ခြင်ဖို့ ပြောတာပါ။

နိဂုံး

နောက်ဆုံးအနေနဲ့ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းကြတဲ့ ရဟန်းအမ သုဓမ္မသီဂီ **ဒေါ်အေးအေး မြင့်** နှင့် မောင်နှမတစ်စုတို့က တို့တတွေ ဒီနေ့ ဝါဆိုသင်္ကန်းကို လှူဒါန်းရတာဟာ အလွန် အရှိန်ဝါကြီးတဲ့ ဘုရား့ရဟန္တာတို့ရဲ့အောင်လံကို လှူနေကြရတာပဲ၊

သောတာပန်နဲ့ အလားတူတဲ့ ကုသိုလ်ရှင်တွေလုပ်တဲ့ ကုသိုလ်ကိုလုပ်ပြီးတော့ နေကြတာပါပဲ လို့ ဒီလို သိပြီး ဒီလို ကုသိုလ်တွေကနေ ဆင့်ကဲဆင့်ကဲ တက်တက်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ အားကောင်းသထက် အားကောင်းအောင် ကြိုးစားရမယ်၊ သီလတွေမြဲအောင် ကြိုးစားရမယ်။ ဝိပဿနာကုသိုလ်တွေ ပွားနိုင်အောင် ကြိုးစားကြရမယ်။ ဒီကုသိုလ်တွေကနေ အဆင့်ဆင့် တက်ပြီးတော့ မဂ်ချမ်းသာ. ဖိုလ်ချမ်းသာ. နိဗ္ဗာန်ချမ်းသာ ဆိုက်ရောက်မျက်မှောက် ပြုနိုင်ကြမှာပဲလို့ သိပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြပါစေကုန် သတည်း..။

သာဓု...သာဓု..သာဓု...။

ဓမ္မဒါန ကုသိုလ်ရှင်

ညီနောင် သုံးပါးတို့ကို ဦးထိပ်ထားလျက်
နှစ်မက်စေသော အမျိုးအဖွားများနှင့်
ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းဟန်+ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ဝေ
[illegible] တို့အား ရည်စူး၍
ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ၊
သုဓမ္မာသီရိ ဒေါ်အေးအေးမြင့် နှင့် ဟောင်နပတ်စု
အေးအေးကြူကြူ ထီး နှင့် အိမ်သုံးပစ္စည်းရောင်းဝယ်ရေး
လမ်း-၈၀×၃၂-လမ်းထောင့်၊ မန္တလေးမြို့။
☎ ၀၂-၂၂၈၂၂ 📱 ၀၉-၄၃၀၆၀၄၄၆
နတ်လူ သာစု ခေါ်စေသော်...။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ